# ဆရာတော် အရှင်ဇဝန (သာသနဓဇဓမ္မာစရိယ)၏ ထေရုပ္ပတ္တိအကျဉ်း

## မွေးဖွားရာဇာတိ

ဆရာတော်သည် မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ်၊ ကုန်းဇောင်းရွာ၊ရွှေကြာငုံရပ်ကွက်၊ ခမည်းတော်ဦးကြည်၊မယ်တော် ဒေါ်ငွေတို့မှ ၁၃၂၉-ခု၊တန်ခူးလဆန်း(၅)ရက်(၂. ၄. ၁၉၆၈) အင်္ဂါနေ့နံနက်(၅)နာရီအချိန်တွင် မီးရှူးသန့်စဉ်ဖွားမြင်တော်မူသည်။

## အခြေခံပညာသင်ကြားခြင်း

ဆရာတော်လောင်းလျာသည် ၁၃၃၄-ခုနှစ်၊ (၅)နှစ်သားအရွယ်တွင် ကုန်းဇောင်းကျေးရွာ မြောင်းဘောင်ကျောင်းဆရာတော် ဦးဝါသဝထံတော်တွင် သင်ပုန်းကြီး၊မြန်မာဖတ်စာ၊ဂဏန်းသင်္ချာ မင်္ဂလသုတ်၊အတွင်းအောင်ခြင်း၊အပြင်အောင်ခြင်း၊ရတနာရွှေချိုင့်၊နမက္ကာရဘုရားရှိခိုး၊ပရိတ်ကြီး ဓမ္မစကြာတို့ကို သင်ကြားတတ်မြောက်ခဲ့ပြီး ၁၃၃၄-ခုနှစ်တွင် မိဘများက ပထမအကြိမ်ရှင်ပြုပေးခဲ့ပါသည်။ ရှင်သာမဏေဘဝဖြင့် (၇)ရက်မျှသာနေပြီးလျှင် ကျောင်းသားဘဝဖြင့်ပင် ထိုကျောင်း၌ လောကနီတိ၊အဘိဓမ္မာ်ဟ(သင်္ဂြိုဟ်)ကျမ်းများကိုသင်ကြားတတ်မြောက်ခဲ့သည်။ ၁၃၄၀-ခုနှစ်၊ နယုန်လပြည့်နေ့တွင် ဆရာတော်ကြီးဦးဝါသဝ၏လမ်းညွှန်ချက်နှင့်အညီ မိဘများက ရှင်သာမဏေ ပြုပေးခဲ့သည်။ ရှင်သာမဏေဘဝဖြင့် ကစ္စည်းသဒ္ဒါကြီး၊မာတိကာ ဓာတုကထာ(ညဝါ)များကိုသင်ကြားတတ်မြောက်ခဲ့သည်။

## ရေနံချောင်းမြို့သို့ ပညာသင်ကြားရန်အပ်နှံခြင်း

ဆရာတော်သည် ၁၃၄၇-ခုနှစ်၊တန်ခူးလဆုပ် (၁၁)ရက်နေ့တွင် ရေနံချောင်းမြို့၊ရွှေတောင်ပါဠိတက္ကသိုလ် ဆရာတော်ဘဒ္ဒန္တသောဘန(အဂ္ဂမဟာပဏ္ဍိတ)၊ဘဒ္ဒန္တတေဇနိယ(အဂ္ဂမဟာပဏ္ဍိတ) (နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ)၊ ဘဒ္ဒန္တဇနိတ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ဆရာတော်ဦးနန္ဒန၊ ဆရာတော် ဦးသာဂရ၊ ဆရာတော်ဦးဇောတိက၊ ဆရာတော် ဦးမာမကတို့ထံတွင် အခြေပြုမူလတန်းမှစ၍ ဓမ္မာစရိတန်းတိုင်အောင် သင်ကြားလေ့လာအပ်သော သဒ္ဒါ၊သင်္ဂြိုဟ်၊ဝိနည်း မာတိကာဓာတုကထာ၊ အဘိဓာန် အလင်္ကာ ဆန်း၊ ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်း၊ ပါရာဇိကကဏ္ဍ ပါဠိအဋ္ဌကထာ၊ သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ၊ ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာနှင့် ဋီကာကျမ်းများကိုသင်ကြားတတ်မြောက်ခဲ့ပြီး စာမေးပွဲအဆင့်ဆင့်ကို ဝင်ရောက်ဖြေဆိုခဲ့သည်။ အထူးသဖြင့် ဆရာတော် ဘဒ္ဒန္တဇနိတခြေတော်ရင်းတွင် မာတိကာ ဓာတုကထာ ညဝါကျမ်းများ၊အဘိဓာန်အလင်္ကာဆန်းကျမ်းများ၊ ယမိုက်-ပဋ္ဌာန်းကျမ်းများ၊ သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာကျမ်းများကို အထူးသင်ကြားခွင့်ရရှိခဲ့သည်။

## စာမေးပွဲအဆင့်ဆင့်အောင်မြင်တော်မူခဲ့ခြင်း

ဆရာတော်သည် ၁၃၄၇-ခုတွင် ရေနံချောင်းမြို့ ပရိယတ္တိအမျိုးသားစာမေးပွဲတွင် အခြေပြုမူလတန်း၌ ဂုဏ်ထူးနှင့်တကွ တတိယအမှတ်အများဆုံးဆုဖြင့် အောင်မြင်တော်မူခဲ့ပါသည်။ ရွှေတောင်ပါဠိတက္ကသိုလ် ပါဠိပထမပြန်စာမေးပွဲကြီးတွင် အခြေပြုမူလတန်း တတိယဆုဖြင့်အောင်ခဲ့သည်။ အစိုးရပါဠိပထမပြန်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည်။ ၁၃၄၈-ခုနှစ်တွင်-အမျိုးသားပရိယတ္တိစာမေးပွဲတွင် ပထမငယ်တန်း၌ သတ္တမအဆင့်ဖြင့်အောင်မြင်ခဲ့သည်။ရွှေတောင်ပါဠိပထမပြန်စာမေးပွဲတွင် စတုတ္ထအဆင့်ဖြင့်အောင်မြင်ခဲ့သည်။ အစိုးရပါဠိပထမပြန်စာမေးပွဲ-ပထမငယ်တန်းကို လည်းအောင်မြင်ခဲ့သည်။

## ရဟန်းအဖြစ်သို့ရောက်တော်မူခြင်း

ဆရာတော်သည် ၁၃၄၉-ခု၊ ဝါဆိုလဆန်း(၁၀)ရက်၊နံက်(၉)နာရီအချိန်တွင် ပွင့်ဖြူမြို့နယ်၊ ကူကြီးကျေးရွာ ရဟန်းဒါယကာ/မ ဦးဘခင် ဒေါ်ရင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ကုန်းဇောင်းရွာ မြောင်းဘောင်ကျောင်း ခဏ္ဍာသိမ်တော်၌ ကုန်းဇောင်းရွာ ဉာဏ်ကံကျောင်းဆရာတော်ဘဒ္ဒန္တသုန္ဒရ မဟာထေရ်ကို ဥပဇ္ဈာယ်ပြုလျှက် ရွှေတောင်ပါဠိတက္ကသိုလ်ဆရာတော် ဘဒ္ဒန္တတေဇနိယ (အဂ္ဂမဟာပဏ္ဍိတ)အနုသာသကပြုလျှက်၊ ဆရာတော်ဘဒ္ဒန္တဇနိတ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ကကမ္မဝါစာဆရာတော်အဖြစ်ဖြင့် ချီးမြောက်တော်မူသဖြင့် ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခဲ့သည်။ ရေနံချောင်းမြို့ အမျိုးသားပရိယတ္တိစာမေးပွဲ ပထမလတန်းကိုလည်းကောင်း၊ ရွှေတောင်ပါဠိတက္ကသိုလ် ပါဠိပထမပြန်စာမေးပွဲ ပထမလတ်တန်းကိုလည်းကောင်း၊ အစိုးရပါဠိပထမပြန်စာမေးပွဲ-ပထမလတ်တန်းကိုလည်းကောင်း အောင်မြင်ခဲ့သည်။

၁၃၅၁-ခုနှစ်တွင် ရွှေတောင်ပါဠိတက္ကသိုလ် ပါဠိပထမပြန်စာမေးပွဲကြီးတွင် ပထမကြီးတန်းအမှတ်အများဆုံး ပထမဆုဖြင့်အောင်မြင်ခဲ့သည်။ အစိုးရပါဠိပထမပြန်စာမေးပွဲကိုပထမကြီးတန်းကိုလည်းအောင်မြင်ခဲ့သည်။ ၁၃၅၅-ခုနှစ်တွင် ဓမ္မာစရိယတန်း အစိုးရစာမေးပွဲကြီးတွင် ဆရာ-တော် ဘဒ္ဒန္တဇနိတ (ယခု ဓမ္မာလောကဆရာတော်) သင်ကြားပို့ချသော သီလက္ခန္ဓဝဂ္ဂပါဠိတော်အဌကထာ၊ ပါရာဇိကကဏ္ဍပါဠိအဌကထာတို့ကိုလည်း အောင်မြင်ခဲ့သည်။ ထိုကဲ့သို့ နှစ်ကျမ်းစွဲအောင်မြင်ခဲ့ပြီးနောက် ရန်ကုန်မြို့ ၊ ဗားကရာတိုက်၊ ဆရာတော်ဦးဇနိတ၏ သူငယ်ချင်းဖြစ်သူ ရွှေလှိုင်ဆရာတော်ဦးသံဝရက စာချပေးရန် စာချဘုန်းကြီးအဖြစ် တောင်းဆိုလာသောကြောင့် ရွှေတောင်ဆရာများ၏ခွင့်ပြုချက်အရ ၁၃၅၈-ခုနှစ်တွင် ရွှေလှိုင်ပရိယတ္တိစာသင်တိုက်တွင် စာချဘုန်းကြီးအဖြစ်ဖြင့်၄င်း၊တိုက်အုပ်ဆရာတော်အဖြစ်ဖြင့်လည်းကောင်းသာသနာ့တာဝန်များကိုထမ်းဆောင်ခဲ့သည်။

ထိုကဲ့သို့ စာချဘုန်းကြီး၊တိုက်အုပ်ဘုန်းကြီးဘဝဖြင့် စာပေများကိုသင်ကြားပေးရင်း ကျန်ရှိနေသော ဓမ္မသင်္ဂဏီပါဠိတော်အဌကထာကို ၁၃၆၂-ခုနှစ် ရွှေလှိုင်ပရိယတ္တိစာသင်တိုက်မှာပင် အောင်မြင်ခဲ့၍ နိုင်ငံတော်အစိုးရမှ သာသနဓဇဓမ္မာစရိယဘွဲ့တံဆိပ်တော်ကိုဆက်ကပ်လှူဒါန်းခြင်း ခံယူခဲ့ရသည်။

**ကဗျာလင်္ကာ စာပေများရေးသားပြုစုခြင်း**

ဆရာတော်သည် ရွှေလှိုင်ပရိယတ္တိစာသင်တိုက်တွင် စာသင်သားသံဃာတော်များကို အုပ်ချုပ်တော်မူရင်း ထီးတော်တင်ပွဲများ၊ ပဋ္ဌာန်းပွဲများ၊ ဂုဏ်ပြုပူဇော်ပွဲများတွင် ရတုလင်္ကာ ကဗျာစာများကိုရေးသားပူဇော်ခဲ့သည်။ ထို့အပြင် ဓမ္မရံသီမဂ္ဂဇင်း ၊ဓမ္မရတနာ မဂ္ဂဇင်းစသော မဂ္ဂဇင်းစာစောင်များတွင် သံဝေဂကဗျာများ ဆောင်းပါးများကိုလည်း ရေးသားခဲ့သည်။

**သာသနာပြုခရီးကြွတော်မူခြင်း**

ဆရာတော်သည် သာသနာပြုခရီးစဉ်အဖြစ် စင်္ကာပူနိုင်ငံ၊မလေးရှားနိုင်ငံ၊ထိုင်းနိုင်ငံများသို့ ကြွရောက်တော်မူလျှက် တရားဓမ္မများကို ဟောကြားပြသတော်မူခဲ့သည်။ ပြည်တွင်းသာသနာပြုခရီစဉ်အဖြစ် တနင်္သာရီတိုင်း ဘိတ်၊ထားဝယ်၊ကျွန်းစုမြို့နယ်များသို့ တရားဒေသနာလှည့်လည်ဟောကြားလျှက် သာသနာပြုတော်မူခဲ့သည်။

**ပုဗ္ဗေနာပသမ္ဗဒမင်္ဂလာ(သိက္ခာထပ်ရဟန်းခံခြင်း)**

၁၈-၇-၂၀၀၂-ခုနှစ်တွင် ရန်ကုန်တိုင်း၊စမ်းချောင်းမြို့နယ်၊မအူပင်လမ်း၊ အမှတ် (၁၄)နေ မိခင်ကြီး ဒေါ်လှသိန်းကိုအမှူးထား၍ ဒေါက်တာဦးဇော်ဝင်း+ဒေါက်တာဒေါ်ဝေဝေလှ သမီးရတနာ ဒေါက်တာကြည်ပြာဇော်ဝင်း၊သားရတနာ မောင်ဆက်ဇော်ထွေးမိသားစုတို့ကငင်း၊ ၂၀၀၆-ခုနှစ်တွင် ပွင့်ဖြူမြို့နယ်၊ကုန်းဇောင်းမြို့ဉာဏ်ကံရပ်နေ ဦးစိုးလှ+ဒေါ်မေရီမြင့် သမီး မနှင်းနွယ်စိုး၊မခင်မြတ်မြတ်စိုး၊ သား-မောင်အောင်ကိုစိုး၊ မောင်မျိုးထက်အောင်မိသားစုတို့ကငင်း သိက္ခာထပ်ခြင်းမင်္ဂလာပြုလုပ်ကြသည်။

**ပြည်ပသာသနာပြုဆက်လက်ကြွတော်မူခြင်း**

ယခုအခါ ဆရာတော်ဘဒ္ဒန္တဇနိတ၏ ဆန္ဒအရ ဖလော်ရီဒါပြည်နယ် မီရမာမြို့တွင် မြင်းခြံဆရာတော်ဦးပညာသာမိနှင့် အတူနေထိုင် စောင့်ရှောက်သာသနာပြုရန် ခေါ်ယူတော်မူခြင်းကြောင့် ဓမ္မာလောကကျောင်းသို့ ရောက်ရှိသီတင်းသုံးလျှက်ရှိနေပါသည်။

# ဓမ္မာလောက အဓိဋ္ဌာန်

ကိုယ်တည်းတစ်ယောက် ချမ်းသာရောက်ဖို့
စုလောက်ကြိုးကုတ်   အားမထုတ်ဘူး
ဗုဒ္ဓမြတ်စွာ သာသနာ၏
ရှေးခါဘိုးဘ လက်ထက်ကတိုင်
ရသည့်တန်ခိုး ထပ်မညှိုးဘို့
တိုး၍ ရှေ့တက် ငါဆောင်ရွက်သည်
ဆက်လက်တည်တံ့ပါစေသော်.....။

အများအကျိုး ဆောင်သည်ပိုးက
စနိုးစနဲ့ ဆိုကဲ့ရဲ့လည်း
မပဲ့မစောင်း ကိုယ့်လမ်းကြောင်းကို
စိတ်ကောင်းနှင့်ယှဉ် ရှေးရှုနှင်လော့...။

## ဆရာတော်ဦးပညာသာမိ ၏ ထေရုပ္ပတ္တိအကျဉ်း

အရှင်ပညာသာမိကို မြင်းခြံမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ခမည်းတော်ဦးအုန်းခိုင်၊ မယ်တော်ဒေါ်မြရီတို့မှ ၁၃၁၆-ခု၊ တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်သည့် တတိယသားရတနာဖြစ်သည်။ ၅-နှစ်သားတွင်မြင်းခြံမြို့ ဇေယျာလင်္ကာရစာသင်တိုက် ဆရာတော်ဦးကောသလ္လ၊ညီဦးကိတ္တိတို့ထံ အပ်နှံ၍ မြန်မာစာပေသင်ပုန်းကြီးမှစ၍ အခြေခံစာပေတို့ကိုသင်ယူခဲ့ပါသည်။

(၉)နှစ်သားအရွယ်တွင် ဆရာတော်ဦးကောသလ္လကိုဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေပြုခဲ့သည်။ ဝိနည်း၊သဒ္ဒါ၊သင်္ဂြိုဟ်စသော ပရိယတ္တိစာပေများကို သင်ယူခဲ့ရပါသည်။ ၁၉၇၄-ခုနှစ်တွင် အခြေခံပညာ အထက်တန်းစာမေးပွဲများကိုအောင်မြင်ခဲ့ပါသည်။

ထိုနှစ်၌ပင်လျှင် သဒ္ဓါမိကပါဠိရမီရှင် ဓမ္မာလင်္ကာရဆရာတော်ကြီး ဘဒ္ဒန္တဝိသုဒ္ဓ(ယခုတိုင်သက်တော် (၉၃) နှစ်ထင်ရှားရှိ)ကို ဥပဇ္ဈာယ်ပြုလျှက် မြင်းခြံမြို့၊ မိခင်၏မောင်အရင်း ဖြစ်သူ ရဟန်း ဒါယကာ ဦးအေးနှင့် ရေနံချောင်းမြို့၊ ဘဲနန်းရပ် ရဟန်းဒါယကာ ဦးခွေးလေး (ဦးငွေရ) မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းဘဝသို့ရောက်ခဲ့ပါသည်။

၁၉၇၉-ခုနှစ်တွင် ရှမ်းပြည်နယ်၊တောင်ကြီးမြို့၊ အောင်သပြေစွယ်တော်ဆရာတော့်ဘုရားကြီးသက်တော် (၁၀၃)နှစ်ကို ဥပဇ္ဈာယ်ပြု၍ ရေနံချောင်းမြို့၊ ရဟန်းဒါယကာ ဦးတင်အောင်+ရဟန်းဒါယိကာမ ဒေါ်မေသန်းနှင့် မိခင်၏မောင် ဦးတင်သောင်း+ဒေါ်ရီရီအောင်တို့၏ပစ္စယာနုဂ္ဂဟကိုကိုခံယူကာ ဒုတိယအကြိမ် ပုနောပသမ္ပဒမင်္ဂလာပြု၍ သိက္ခာထပ်ရဟန်းခံခဲ့ပါသည်။

ဆရာတော်သည် စွယ်တော်ဆရာတော်နှင့်အတူ သီတင်းသုံးနေထိုင်ပြီး မေတ္တာရှင်၊သစ္စာရှင် လေးကျွန်းဒီပါမဟာအောင်သိဒ္ဓိစေတော်မြတ်ကြီးကို ဦးစီးတည်ထားကိုးကွယ်ပူဇော်ခဲ့သည်။ ပြည်တွင်းပြည်ပသာသနာပြုလုပ်ငန်းများကိုလည်း ဦးစီးဆောင်ရွက်ခဲ့သည်။ ၁၉၇၉-ခု ပထမအကြိမ် သံဃာတစ်ထောင်ပူဇော်ပွဲမှ ၁၉၉၇-အထိလည်းကောင်း သံဃာတော်တစ်သိန်းပူဇော်ပွဲကိုလည်း ၁၉၉၇-ခုနှစ်မှ ၂၀၀၄-ခုနှစ်အထိလည်းကောင်း ဆရာတော်စိတ်တိုင်းကျ ဦးစီးကျင်းပဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံခြားသာသနာပြုရာတွင် မြတ်စွာဘုရား၏စွယ်တော်မြတ်ကိုပင့်ဆောင်၍ အာရှတိုက်၊ ဥရောပတိုက်၊အမေရိကတိုက်များသို့ ကြွရောက်ခဲ့လျှက် ဆရာတော်ကြီးကို အနီးကပ်ပြုစုစောင့်-ဝေယျာဝစ္စပြုလျှက် သာသနာ့တာဝန်များကိုထမ်းဆောင်ခဲ့ပါသည်။

သံဃာတစ်သိန်းပူဇော်ပွဲကြီးများတွင် နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ မြင်းခြံဆရာ-တော်ကြီး ဦးသောဘိတ၊ တောင်ပုလုဆရာတော်ဘုရားကြီး၊ အဘိုးကလေးဝ ဆရာတော်ကြီး၊ ပြည်မြို့ ရတနာ့မာရ်အောင်တောရ ကမ္ဘာ့ရွှေရင်အေးဆရာတော်ကြီး၊

မန္တလေးမြို့ တောင်ပြင်၊ ထီးလင်းတိုက်၊ ကလောမင်းစံကျောင်းဆရာတော် ဦးစန္ဒိမာ၊ ညောင်ကန်တိုက်၊ ရတနာသီရိကျောင်းဆရာတော် ဦးဝိစိတ္တ (မယ်တော်ဒေါ်မြရီ၏ဦးရီး အဘိုးဆရာတော်)၊ ဆီးဘန်းနီဆရာတော် ဦးအာစာရ၊ ပဲခူးမြို့မဆရာတော်ဘုရားကြီး၊ မင်းကွန်းတိပိဋကဆရာတော် ပခုက္ကူ တိပိဋကဆရာတော်၊ ပြည်တိပိဋကဆရာတော် အစရှိသော တိုင်းနှင့်ပြည်နယ် အသီးသီးမှ ဆရာတော်သံဃာတော်များကို ပင့်ဆောင်၍ ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်ပွဲကြီးများကို စွယ်တော်ဆရာတော်နှင့်အတူဝေယျာဝစ္စကိစ္စအဝဝတို့ကို ဦးစီးကျင်းပပူဇော်ပေးခဲ့ပါသည်။

စွယ်တော်မြတ်ကိုပင့်ဆောင်လျှက် နိုင်ငံခြားသာသနာပြု ခရီးစဉ်အဖြစ် ထိုင်းနိုင်ငံ၊စင်္ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဂျာမဏီနိုင်ငံ၊ လူဇင်ဘတ်နိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံ၊ သီဟိုဠ်နိုင်ငံများသို့ရောက်ခဲ့ပြီး ထိုနိုင်ငံရှိ သံဃာတော်များကိုလည်း ပင့်ဆောင်၍ ပူဇော်ခဲ့သည်။

ပဲခူးမြို့၊သဒ္ဓါဓိကပါရမီရှင် ယခုတိုင်သက်တော်(၉၃)နှစ်ရှိတော်မူသော ဓမ္မာလင်္ကာရဆရာတော် ဦးဝိသုဒ္ဓ၏ သရဏဂုံနှင့် ပါရမီရှင်ကျင့်စင်များကိုလည်းကောင်း၊ ကျေးဇူးတော်ရှင်စွယ်တော်ဆရာတော်ဘုရားကြီး၏ အနီးကပ်သွန်သင်ညွှန်ပြမှုတို့ကြောင့် ဝိနည်းသိက္ခာပုဒ်တော်များကို လေးစားစွာ သင်ယူလိုက်နာခဲ့ပါသည်။ စွယ်တော်မြတ်၊စွယ်တော်ဆရာတော်နှင့်အတူ ၁၉၉၁-ခုမှ ၂၀၀၁-ခုနှစ်အထိ မြန်မာနိုင်ငံမှ နိုင်ငံပေါင်း(၂၇)နိုင်ငံသို့ ကြွရောက်၍ စွယ်တော်မြတ်ဒေသစာရီကြွချီတော်မူရာတွင် ဦးစီးလိုက်ပါလျှက်၄င်း၊ ၁၀၈-တောင်အမြင့်ဆောင်သည့် မေတ္တာရှင်သစ္စာရှင် လေးကျွန်းဒီပါ မဟာအောင်သိဒ္ဓိစေတီတော်မြတ်ကြီးကို ဦးစီး၍လည်းကောင်းတည်ထားကိုးကွယ်ပူဇော်ခဲ့ပါသည်။ ၁၉၇၉-ခုမှ ၂၀၀၄-ခုနှစ်အထိ သံဃာတော်(၁၀၀၀)ပူဇော်ပွဲ (၂၃)ကြိမ်၊သံဃာတော်တစ်သိန်းပူဇော်ပွဲကို သုံးကြိမ်တိုင်အောင် ဦးစီးကျင်းပပူဇော်ပေးခဲ့ပါသည်။ ကျောင်းသားဘဝမှ ရဟန်းဖြစ်ပြီးယခုအချိန်အထိ ကမ္မဋ္ဌာန်းတရားများအားထုတ်ခြင်း၊ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးတိုးတက်ထွန်းကားရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းအားထုတ်နေခဲ့ပါသည်။

၂၀၀၁-ခုနှစ်မှ ၂၀၁၀-ခုဇူလိုင်(၃)ရက်အထိ ဝါရှင်တန် ဒီစီ သီရိလင်္ကာဗုဒ္ဓဝိဟာရကျောင်း၌ သီတင်းသုံး နေထိုင်ခဲ့ပြီး ရေနံချောင်းဆရာတော်မှ သူ၏တပည့်ဦးဇဝနနှင့်သီတင်းသုံးနေထိုင်ရန် မိန့်ကြားသဖြင့် ယခုအခါ ဖလော်ရီဒါ ပြည်နယ်၊မီရမာမြို့ ဓမ္မာလောကကျောင်းသို့ သီတင်းသုံးစောင့်ရှောက်နေထိုင်လျှက်ရှိသည်။

ဆက်ကပ်ပါရန်

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊စစ်ကိုင်းတောင်ရိုး၊
စစ်ကိုင်းမြို့၊ မြန်မာနိုင်ငံ။ နေ့စွဲ။၇၊၁၄၊၂၀၁၀။

အကြောင်းအရာ။ ။ဓမ္မာလောကကျောင်းကို မူလကျောင်းထိုင်ဆရာတော် အရှင်ဇနိတအား ပြန်လည်လွှဲပြောင်းလှူဒါန်းခြင်း။

အထက်ပါ အကြောင်းအရာကိစ္စနှင့်ပတ်သက်၍ ရေနံချောင်းဆရာတော်သည် သီတဂူဗုဒ္ဓဝိဟာရ (အော်စတင်)၏ ဖိတ်ခေါ်စာဖြင့် အမေရိကန်သို့ ရောက်ရှိလာခဲ့ပါသည်ဘုရား။ ဘုရားတပည့်တော်တို့သည် သီတဂူဆရာတော်၏ စီမံအုပ်ချုပ်မှုမှ မူလကျောင်းထိုင်ဆရာတော်အရှင်ဇနိတ၏ စီမံအုပ်ချုပ်မှုကိုလိုက်နာ၍ (၇၊၁၄၊၂၀၁၀)အစည်းအဝေးဆုံးဖြတ်ချက်အရ ဆရာတော်အရှင်ဇနိတကိုပင် ကျောင်းထိုင်ဆရာတော်အဖြစ်ပြန်လည်လွှဲ ပြောင်းလှူဒါန်းကြပါသည်ဘုရား။ အရှင်ဇနိတစီမံသည့်အတိုင်း တပည့်ရဟန်းတော်များထားရှိမှုကို လက်ခံပါမည်ဘုရား။ဆရာတော်အရှင်ဇနိတထားရှိသောရဟန်းများကိုပင် ပစ္စည်းလေးပါးဖြင့် မပင်ပန်းအောင် ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ပါကြောင်းကို ရိုသေစွာလျှောက်ထားအပ်ပါသည်ဘုရား။

(အသင်းကိုယ်စား )

ဉက္ကဋ္ဌ အောင်မြင့်
ဓမ္မာလောက ဗုဒ္ဓဘာသာအသင်း
မီရမာမြို့၊ ဖလော်ရီဒါပြည်နယ်။

# ဥပသမ္ပဒမင်္ဂလာ ရဟန်းရက်ချုပ်

သုံးလောကထွဋ်ထား မြတ်ဘုရား၏ တည်ထားသတ်မှတ် သာသနာတော်မြတ်ကြီး၏ သက္ကရာဇ်ကား ၂၅၅၄–ခု၊ ကောဇာသက္ကရာဇ် ၁၃၇၂–ခု၊ ဒုတိယဝါဆိုလဆုပ် ( ၉ ) ရက်၊ ခရစ်နှစ် ၂၀၁၀–ခု၊ ဇူလိုင်လ (၂၀) ရက်(　　)နေ့ ညနေ (　　) နာရီ (　　) မိနစ် အချိန်၊ ဖလော်ရီဒါပြည်နယ်၊ မီရမာမြို့၊ ဓမ္မာလောကကျောင်းတိုက်၊စဏ္ဍသိမ်တော်မင်္ဂလာ၌ ဓမ္မာလောကကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇနိတကို ဥပဇ္ဈာယ်ပြုလျှက်၊ ဦးဖေသန်း+ဒေါ်မြကြွယ်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ အောက်ပါ ရဟန်းတော်တို့က ဉတ္တိစတုတ္ထကမ္မဝါစာဖြင့်ရွတ်ဖတ်ချီးမြှောက်တော်မူသောကြောင့် ရှင်သာမဏေ ရှင်　　　　　သည် မြင့်မြတ်သော ရဟန်းပဒွင်းအဖြစ်သို့ရောက်တော်မူသည်။

## ပထမကမ္မဝါစာဆရာတော်များ

(၁) ------------------------------------------------။
(၂) ------------------------------------------------။
(၃) ------------------------------------------------။

## ဒုတိယကမ္မဝါစာဆရာတော်များ

(၁) ------------------------------------------------။
(၂) ------------------------------------------------။
(၃) ------------------------------------------------။

အနုသာသကဆရာတော် ------------------------------------။

အမည် - ဦးဇဝန
အဖအမည် - ဦးကြည်
အသက် - ၄၃-နှစ်
ဇာတိရပ်ရွာ - ကုန်းဇောင်းရွာ၊ပွင့်ဖြူမြို့၊မကွေးတိုင်း၊မြန်မာနိုင်ငံ။
နေရပ်လိပ်စာ - ရွှေလှိုကျောင်း၊ဗားကရာတိုက်၊စမ်းချောင်းမြို့နယ်၊ရန်ကုန်တိုင်း။

၂၄. ၉. ၂၀၀၇-နေ့တွင် ဘုန်းကြီးတို့ ရန်ကုန်မြို့၌ သံဃာ့အရေးတော်ပုံကြီးစတင်ပေါ်ပေါက်လာသည်။ ၄င်းနေ့တွင် ဘုန်းကြီးနှင့်သံဃာတော်(၁၀၀၀)ခန့်သည် ဗားကရာတိုက်ကြီးတွင် သံဃာစုဝေး၍ နေ့လည် (၁)နာရီခန့်စတင်ချီတက်လာခဲ့ကြသည်။ ဗားကရာလမ်းမကြီးအတိုင်းတန်းစီလှည့်လည် မေတ္တာပို့ ဆန္ဒပြခဲ့ကြသည်။ ဗားကရာလမ်းမှရွှေတိဂုံဘုရားပေါ်သို့တက်ရောက်ပြီး ပြည်သူပြည်သားများ ဆင်းရဲမှလွတ်မြောက်ချမ်းသာစေကြောင်း မေတ္တာပို့ခဲ့ကြသည်။ရွှေတိဂုံဘုရားယဉ်ပြင်တော်ပေါ်တွင် သံဃာတော်ပေါင်း (၄)သောင်းခန့်စုဝေးမိကြသောအခါ ရွှေတိဂုံဘုရားမှဗားကရာလမ်း။ဗားကရာလမ်းမှ ကမ်းနားလမ်း၊ကမ်းနားလမ်းမှလှည်းတန်း၊လှည်းတန်းလမ်းမှ ကမ္ဘာအေးဘုရား၊ကမ္ဘာအေးဘုရားမှ သံဃမဟာနာယကရုံးတွင် မေတ္တာပို့ပြီး လူစုခွဲခဲ့ကြသည်။
၂၅. ၉. ၂၀၀၇-နေ့တွင် ဘုန်းကြီးတို့ သံဃာတော်များ ယမန်နေ့အစီစဉ်အတိုင်းချီတက်ဆန္ဒပြခဲ့ကြပြီး-တက္ကသိုလ်ရိပ်သာလမ်းသို့ဝင်ရောက်ကာ အမျိုးသားဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည် အိမ်ရှေ့တွင် ဒေါ်စုလွတ်မြောက်ပါစေ မေတ္တာပို့ကြွေးကြော်ဆန္ဒပြခဲ့ကြပါသည်။
၂၆. ၉. ၂၀၀၇-နေ့တွင် ဘုန်းကြီးနှင့် သံဃာတော်များသည် ရွှေတိဂုံဘုရားပေါ်တွင် စုဝေးမိကြပြီးအရှေ့ဘက်မုခ်အတိုင်း ဆင်းလာခဲ့ကြရာ ဗဟန်းဈေးထိပ်၌စစ်တပ်ကပိတ်ဆို့ကာရံထားသည်ကိုတွေ့ရှိခဲ့ရ၏။နောက်ကြောင်းပြန်လှည့်ရန်စဉ်းစားသော်လည်း စစ်တပ်ကနောက်ကနေပိတ်ထားပြန်သည်။ ထို့ကြောင့် အလယ်ခေါင်မှာပင် မေတ္တာပို့ ဆန္ဒပြခဲ့ကြသည်။ နောက်ကစစ်သားများနှင့်ရှေ့ကစစ်သားများက နှစ်ဖက်ညှပ်ပြီးရိုက်နှက်ကြရာ ဘုန်းကြီးခေါင်းတွင် အနည်းငယ်ဒဏ်ရာရရှိသွားသဖြင့် နီးရာဘုန်းတော်ကြီးကျောင်းအတွင်းသို့ အုဌ်တံတိုင်းကျော်ဝင်ပြေးခဲ့ရသည်။
၂၇. ၉. ၂၀၀၇-နေ့တွင် ဘုန်းတော်ကြီးကျောင်းများသို့ စစ်သားများက ညဥ့်နက်သန်းခေါင်အချိန်ဝင်ရောက်စီးနင်းကာ သံဃာတော်များကို ရိုက်နှက်ဖမ်းဆီးသတ်ဖြတ်မှုများပြုလုပ်နေကြသည်။
၂၈. ၉. ၂၀၀၇-နေ့တွင် ဘုန်းကြီးတို့နေထိုင်ရာ ရွှေလှိုင်ကျောင်းသို့ ညဥ့်နက်သန်းခေါင်အချိန် စစ်သားများက ဝင်ရောက်စီးနင်းလာကြသည်။ သံဃာတော်များအားလုံးကို ရပ်ကွက်အတွင်းရှိအိမ်များသို့ကြိုတင် ပို့ဆောင်ထားခဲ့ပြီး ကျောင်းစောင့်ဦးဇင်းလေးအနည်းငယ်သာကျန်ရှိသည့်အတွက်-ပြန်လည်ထွက်ခွါသွားကြသည်။ ထိုအချိန်မှစ၍ ဘုန်းကြီးတို့လည်း နယ်ဘက်သို့ (၃)လခန့်ရှောင်တိမ်းပုန်းခိုနေခဲ့ကြသည်။
၂၉. ၉. ၂၀၀၇-နေ့တွင် သံဃာအရေးအခင်းတွင် ဆန္ဒပြခဲ့ကြသော ရဟန်းတော်များကို ဗီဒီယို၊ဓာတ်ပုံများဖြင့် တိုက်ဆိုင်စစ်ဆေးပြီး လိုက်လံဖမ်းဆီးနေကြသည်။ ထိုနေ့မှ စပြီး (၂၈. ၆. ၂၀၁၀)နေ့တိုင်အောင် ဘုန်းကြီးတို့ဓာတ်ပုံများ ဗီဒီယိုများကိုကြည့်ရှုပြီး မည်သည့်နေ့တွင် လာရောက်ဖမ်းမည်နည်း လွတ်မြောက်လမ်းကိုမည်သို့ရှာရမည်နည်း စသည်ဖြင့် တွေးတောပူပန်ကြောက်ရွံ့နေခဲ့ကြရသည်။ စစ်ထောက်လှမ်းရေးများက အမြဲမပြတ် စောင့်ကြည့်စုံစမ်းခြင်းကို ခံကြရပြီးနေ့စဉ်စိုးရိမ်ထိတ်လန့်စွာ နေခဲ့ရပါသည်။

## ချမ်းသာသုခလေးပါး

ချမ်းသာသုခလေးပါးဆိုသည်မှာ- အရှင်ဇဝန(ကုန်းဇောင်း)

(၁)ဘုရားရှင်ပွင့်ထွန်းပေါ်ပေါက်တော်မူလာခြင်း။
(၂)ဘုရားရှင်က တရားဒေသနာတော် ဟောကြားတော်မူခြင်း။
(၃)ရဟန်းရှင်လူ ပြည်သူများ အချင်းချင်းညီညွတ်ကြခြင်း။
(၄)ကိလေသာအပူငြိမ်းကြောင်းတရားများကို ညီညွတ်စွာကျင့်ဆောင်ကြခြင်း။

(၁)ဘုရားရှင်ပွင့်ထွန်းပေါ်ပေါက်လာခြင်းကြောင့် သတ္တဝါအနန္တမည်သို့ ချမ်းသာပါသနည်း။ ဘုရားရှင်ပွင့်ထွန်းပေါ်ပေါက်လာသည့်အတွက်ကြောင့် သတ္တဝါအနန္တ ကောင်းကျိုးချမ်းသာရဖို့ရန် သူတော်ကောင်းတရားကို ဖေါ်ထုတ်သည်။ သူတော်ကောင်းတရားများကို နာကြားခွင့်၊သိရှိခွင့်ရကြသည်။ ကောင်းသောကုသိုလ်လုပ်ငန်း၊မကောင်းသောအကုသိုလ်လုပ်ငန်းများကို ခွဲခြားနားလည်ခွင့်ရကြသည်။ ကောင်းသောအလုပ်ကိုလုပ်ဆောင်ကြသည်။ မကောင်းသော အလုပ်ကိုရှောင်ကြဉ်ကြသည်။ ကောင်းသောအလုပ်ကိုလုပ်ဆောင်သည့်အတွက် ကောင်းကျိုးချမ်းသာကိုရရှိကြသည်။ မကောင်းသောအလုပ်ကို ရှောင်ကြဉ်သည့်အတွက် ဘေးအန္တရာယ်ကင်းခြင်း၊အနာရောဂါကင်းခြင်း ကောင်းရာသုဂတိရောက်ခြင်းစသော ကောင်းကျိုးများကိုရရှိကြသည်။ ထိုအကြောင်းအရာနှင့်ပတ်သက်၍ မဟာဂန္ဓာရုံဆရာတော်က-

ဘုရားရှင်တော် မပွင့်ပေါ်က သူတော်အများ စိတ်ကောင်းထား၍
ဤကားကုသိုလ် အကုသိုလ် ထိုထိုဘုံဘဝ မသိရ များလှအပြစ်တွေ။
ဘုရားရှင်တော် ပွင့်ထွန်းပေါ်က သူတော်အများ စိတ်ကောင်းထား၍
ဤကားကုသိုလ် အကုသိုလ် ထိုထိုဘုံဘဝ သိကြရ များလှကျေးဇူးတွေ- ဟူ၍စပ်ဆိုဆုံးမတော်မူခဲ့သည်။ မြတ်စွာဘုရားသာ ပွင့်တော်မမူခဲ့ပါက ပင်ကိုယ်သူတော်ကောင်းစိတ်ထားရှိကြသူများပင်ဖြစ်သော်လည်း ဤကားကုသိုလ်တရား၊ဤကား အကုသိုလ်တရားဟူ၍ခွဲခြားမသိ။ မသိသည့်အလျှောက် ကုသိုလ်တရားများကိုလည်းမေ့လျှော့နိုင်သည်။ အကုသိုလ်တရားများကိုလည်းကျင့်-သုံးနိုင်သည်။ ထို့ထက်ကြောက်စရာကောင်းသော အရာရှိနေပါသေးသည်။ ဘုရားရှင် မပွင့်ခဲ့ပါက ဘုရားရှင်၏ အရင်ဦးစွာ ဘုရားအမည်ခံထားကြသော ပုရာဏကဿပ၊မက္ခလိဂေါသာလ စသောတိတ္ထိဆရာကြီးခြောက်ယောက်၏ မိစ္ဆာဝါဒများကို လူအများကလက်ခံကြမည်။ ယင်းတိတ္ထိဆရာကြီးများ၏ ဝါဒကိုသာ လူအများလက်ခံခဲ့ကြပါလျှင် “ကောင်းတာလုပ်လဲ ကောင်းကျိုးမရနိုင်ပါ” “မကောင်းတာလုပ်လဲ မကောင်းကျိုးမရနိုင်ပါ” “သတ္တဝါတွေ ဖြစ်ထွန်းပေါ်ပေါက်လာကြတာဟာလဲ အကြောင်းမဲ့သက်သက်ဖြစ်ထွန်းလာကြတာ”စသည့် အလွန်ကြောက်စရာကောင်းသော အယူမှားကြီးများကိုသာ ကျင့်သုံးနေကြမည်။ ထိုအယူမှားကြီးများကိုသာ လူအများလက်ခံကျင့်သုံးနေကြပါက အလွန်ဆင်းရဲသော ငရဲဒုက္ခနှင့်သာ လုံးထွေးရစ်ပတ်နေကြမည်မှာ ဧကန်ပင်ဖြစ်သည်။ အယူဝါဒမှားကြီးကို လက်ခံပြီးသွားမိလျှင် မလုပ်ရဲသော အကုသိုလ်ဒုစရိုက်ဟူ၍မရှိတော့ပေ။ မိဘကိုလည်းသတ်ရဲသည်။ ရတနာမြတ်သုံးပါးကိုလည်း စော်ကားရဲသည်။ ကျေးဇူးရှင်များကိုလည်း ပြစ်မှားစော်ကားရဲတော့သည်။ မိစ္ဆာဝါဒကြီးက ရဲဆေးတင်ပေးလိုက်သောကြောင့် ဒုစရိုက်အားလုံး

ကို ရဲရဲဝံ့ဝံ့ လုပ်ကိုင်ရဲသည်။ ထို့ကြောင့်ပင် သတ္တဝါများ ဘဝအဆက်ဆက်သံသရာအဆက်ဆက် ဆင်းရဲတွင်း နစ်မွန်းနေခဲ့ကြသည်။ ဆင်းရဲသော ဒုဂ္ဂတိဘဝမှာပင် ဒုစရိုက်အမှားကြီးများကိုဆက်လက် ကျူးလွန်မိ၍ အပါယ်လေးပါးမှ ကောင်းရာသုဂတိသို့ တက်ရောက်ခွင့်မရရှိကြတော့ပေ။ ဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်လာသည့်အတွက်ကြောင့် သတ္တဝါအနန္တ ကောင်းကျိုးချမ်းသာရရှိကြသည်။ မကောင်းသော ဒုဂ္ဂတိဘေးမှလည်း လွတ်ကင်းခွင့်ရရှိခဲ့ကြလေသည်။ ဘုံဘဝတို့၏ ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ခြင်းချမ်းသာဖြစ်သော ဝိမုတ္တိသုခကိုရရှိခဲ့ကြသည်။

(၂)ဘုရားရှင်က တရားဒေသနာတော်ကို ဟောကြားတော်မူခြင်းသည် နှစ်ခုမြောက်ချမ်းသာဖြစ်သည်။ ဘုရားရှင်ပွင့်ထွန်းလာခဲ့ပြီး တရားဒေသနာ မဟောကြားခဲ့ပါကလည်း သတ္တဝါအနန္တ ချမ်းသာသုခမရရှိနိုင်ပါ။ ဘုရားရှင်က တရားဒေသနာဟောကြားသည့်အတွက် သတ္တဝါများ လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို ရရှိခဲ့ကြလေသည်။ ဘုရားရှင်၏ အဆုံးအမသာသနာတော်သည် ရိုင်းစိုင်းနေသူများကို ယဉ်ကျေးစေနိုင်သည်။ ယဉ်ကျေးပြီးသူများကို ပို၍ ယဉ်ကျေးစေသည်။ ဆင်းရဲသော ဒုဂ္ဂတိဘုံသို့ရောက်နေကြသူများကို ချမ်းသာသောသုဂတိဘုံသို့ရောက်စေနိုင်သည်။ ချမ်းသာသော သုဂတိဘုံသို့ရောက်ရှိနေကြသောသူများကိုလည်း အလုံးစုံသောဘုံဘဝဇာတ်သိမ်း အေးငြိမ်းရာအမှန်မြတ်နိဗ္ဗာန်သို့ရောက်စေနိုင်သည်။

ဖားနတ်သားအကြောင်းကို ဖတ်ရှုလေ့လာကြည့်ပါက မြတ်စွာဘုရား၏တရားဒေသနာကို နာယူရသည့်အတွက် တစ်ဆင့်ထက်တစ်ဆင့် ဘုံဘဝမြင့်သွားပုံကို အထင်းသားမြင်နိုင်ပါသည်။ ဂဂ္ဂရာရေအိုင်အနီးတွင် ဘုရားရှင်တရားဒေသနာဟောကြားတော်မူစဉ်က ဖြစ်သည်။ ဖားလေးကား ဘုရားတရားတော်ကို နာယူနေ၏။ တရားသံကိုနားလည်နိုင်စွမ်းမရှိသော်လည်း တရားသံသက်-သက်ကိုပင် ကြည်ညိုသောစိတ်ကလေးဖြင့်နာယူစဉ် နွားကျောင်းသား၏ ဒုတ်ဖြင့်ဖိမိသောကြောင့် သေဆုံးခဲ့ရသည်။ တရားနာယူသော သဒ္ဓါစိတ်ဖြင့်သေဆုံးသောကြောင့် နတ်ပြည်၌ ကြီးကျယ်ခမ်းနားသော ဘုံဗိမာန်နှင့်တကွ နတ်သားဖြစ်ရလေသည်။ သူ၏အတိတ်ဘဝကိုပြန်လည် ကြည့်ရှုသောအခါ ဘုရားရှင်၏ တရားတော်ကိုနာယူရသည့်အတွက် ယခုကဲ့သို့ နတ်စည်းစိမ်ကိုခံစားရသည်။ လက်ရှိနတ်စည်းစိမ်အပေါ်မှာသာ သာယာယစ်မူးပြီး မေ့လျော့နေပါက ဖားဘဝကဲ့သို့သောဒုဂ္ဂတိဘုံဘဝသို့သာ ပြန်လည်ရောက်သွားနိုင်သည်ကို သိရှိသည်။ သိသည့်အလျှောက် ချက်ချင်းပင်-ဘုရားရှင်ထံတော်ပါးသို့ သွားရောက်ပူဇော်ရှိခိုးသည်။ ဘုရားရှင်၏တရားတော်ကိုဆက်လက်နာယူသောကြောင့် သောတာပန်ဖြစ်သွားခဲ့သည်။ သောတာပန်ဖြစ်သည့်အတွက် နောက်ထပ် ဖား-ဘဝကဲ့သို့သော အပါယ်ဒုဂ္ဂတိဆင်းရဲသို့ ရောက်ဖို့ရန် အကြောင်းမရှိတော့ပေ။တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့်ဘို့သာရှိတော့သည်။ ဘုရားရှင်၏တရားတော်ကိုနာယူရသည့်အတွက် ယင်းသို့ တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့်သွားကြသော သတ္တဝါတို့ကား ရေတွက်၍ပင် မရနိုင်ပါ။ အလွန်ပင် များပြားလွန်းလှပါသည်။

(၃)ရဟန်းရှင်လူ ပြည်သူအပေါင်း အချင်းချင်းညီညွတ်ကြခြင်းသည် (၃)ခုမြောက် ချမ်းသာကြောင်းဖြစ်သည်။ ညီညွတ်ဆိုသည်မှာ အချင်းချင်းစိတ်ထားညီနေမှ အချင်းချင်းညွတ်ကြ၏။ ရဟန်းအချင်းချင်း၊လူအချင်းချင်း၊ရဟန်းရှင်လူပြည်သူအချင်းချင်း ညီညွတ်နေမှ ချမ်းသာသည်။

ညီညွတ်မှုမရှိကြပဲ အချင်းချင်း စိတ်ဝမ်းကွဲနေကြလျှင်၊ တစ်ဦးနှင့်တစ်ဦး မနာလိုမှု၊ဝန်တိုမှု၊အပြစ်မြင်မှုများဖြင့် ရန်ညှိုးထားနေကြလျှင် မည်သို့မျှပင်မချမ်းသာနိုင်ပါ။ ဘုရားရှင်က ညီညွတ်ကြောင်းချမ်းသာကြောင်းတရားများကို အဖန်ဖန်ဟောကြားပါ၏။သို့သော်လည်း ဘုရားရှင်၏ စကားကိုနားမထောင်ကြပါပဲ ကုဋ္ဌီသုံးရေခွက်ကလေးကိုအကြောင်းပြု၍ ငြင်းခုံကြ၊စိတ်ဝမ်းကွဲကြသော ရဟန်းများအဖြစ်သနစ်ကိုကြည့်ပါ။ ဝိနည်းဆောင် သုတ္တန်ဆောင်ရဟန်းတော်များပင်ဖြစ်လင့်ကစား-ငါ့စွဲအတ္တစွဲများ၊ဂိုဏ်းဂဏစွဲများကြောင့် ရဟန်းတော်အချင်းချင်းစိတ်ဝမ်းကွဲကြ၏။ တပည့်ပရိသတ်အချင်းချင်း ငြင်းခုံစကားများကြ၏။ သံဃာတော်အချင်းချင်း စိတ်ဝမ်းကွဲကြ၊မုန်းတီးကြ၊အမျက်ဒေါသထွက်ကြရာက ဒကာဒကာမပရိသတ်များလည်း စိတ်ဝမ်းကွဲကြ၏။ နတ်ပရိသတ်များပင် နှစ်ခြမ်းကွဲသွားခဲ့သည်အထိဖြစ်ခဲ့ရလေသည်။ ထိုအရေးအခင်းကို ဘုရားကိုယ်တိုင် ညီညွတ်ရာညီ-ညွတ်ကြောင်း တရားဟောကြားပါသော်လည်း လက်မခံကြပေ။ နှစ်ဦးနှစ်ဘက် မာန်မာနများဖြင့်အမျက်ဒေါသမီးများကို မွေးမြူထားကြလေ၏။ အချိန်တန်ရင် အသိတရားရကြလိမ့်မယ်ဟူ၍သာနှလုံးတော်ပိုက်လျှက် ဘုရားရှင်က မညီညွတ်သောပရိသတ်ကို စွန့်ခွါသွားခဲ့ရပါသည်။ ဘုရားရှင်ပါလိလေယျကတောအတွင်း တစ်ပါးတည်းသီတင်းသုံးတော်မူခဲ့ရသည်။ ပါလိလေယျကဆင်မင်းက ဘုရားရှင်ကို ပြုစုလုပ်ကျွေးနေ၍သာ တော်ပေသေးသည်ဟု ဆိုရပါမည်။ ယင်းနောက်မညီ-ညွတ်သော ရဟန်းများကို ဒကာဒကာမများက သပိတ်မှောက်ကြသည်။ ဆွမ်းမလောင်းကြတော့။ အစာအာဟာရပြတ်လပ်ကြမှသာ မာန်မာနများကြဆုံးပြီး ဘုရားရှင်ကို ဝန်ချတောင်းပန်ကြလေ၏။

မညီညွတ်သော တိုင်းပြည်၊မညီညွတ်သော မြို့ရွာ၊မညီညွတ်သောအဖွဲ့အစည်း၊မညီညွတ်-သောမိသားစုများကိုကြည့်ပါ။ မည်သည့်အခါမျှ အေးချမ်းသာယာမှုမရှိကြပါ။ နွားကွဲလျှင်ကျားဆွဲခံရတတ်ပါသည်။ ထိုအကြောင်းအရာနှင့်ပတ်သက်၍ ဘုရားလောင်းငုံးမင်းဇာတ်ကိုတင်ပြလိုသည်။ ဘုရားလောင်းငုံးမင်းသည် ငုံးပေါင်းတစ်သောင်းနှင့်အတူ စိတ်တူကိုယ်တူ ချစ်ချစ်ခင်ခင်ရှိကြသည်။ ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြသည်။ စားကျက်ကိုသွားကြတော့လည်းအတူတူ။ အိပ်တန်းတက်တော့လည်းအတူတူ။ မုဆိုး၏ပိုက်ကွန်ထဲ အားလုံးရောက်သွားကြသည်ကိုပင် ညီညီညွတ်ညွတ်ပျံသန်းလျှက် လွတ်မြောက်ခဲ့ကြသည်။ မပြောပလောက်သောပြဿနာလေးကြောင့် ငုံးသားအချင်းချင်းစိတ်ဆိုးကြ၊စိတ်ကောက်ကြ၊စိတ်ဝမ်းကွဲကြလေသောအခါ ဘုရားလောင်းငုံးမင်းက ညီညွတ်ကြောင်းတရားဟောပါသော်လည်းမရ။ မရသည့်အဆုံး မညီညွတ်သောပရိသတ်ကို ဘုရားလောင်းစွန့်ခွါ၍သွားပါတော့သည်။ ထိုအချိန်မှစ၍ မညီညွတ်သောငုံးအပေါင်း မုဆိုးလက်စာဖြစ်ကြရလေသည်။

(၄)ညီညွတ်ကြသော ရဟန်းရှင်လူပြည်သူများ လောဘဒေါသစသော ကိလေသာတို့မှငြိမ်းအေးကြောင်းတရားများကို ညီညီညွတ်ညွတ် ကျင့်ဆောင်ကြခြင်းသည် လေးခုမြောက်ချမ်းသာတည်း အချင်းချင်းညီညွတ်ကြသည်ဆိုသော်လည်း မကောင်းမှုဒုစရိုက်များကို ညီညီညွတ်ညွတ်လုပ်ကိုင်နေကြလျှင်လည်း ချမ်းသာသုခမရနိုင်။ ဆင်းရဲဒုက္ခကို ညီညီညွတ်ညွတ်ခံစားကြဖို့သာရှိပါသည်။ သာကီဝင်းမင်းမျိုးတို့သည် ဝိဍူဍူပ မင်းသားလက်ချက်ကြောင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံ-ကြရခြင်း၏ အကြောင်းရင်းကား မကောင်းမှုများကို ညီညီညွတ်ညွတ်လုပ်ကိုင်ခဲ့သောကြောင့်တည်း။ ဘဝတစ်ခု၌ တံငါရွာသားများဖြစ်ခဲ့ကြ၏။ ငါးများကို အစုလိုက်အပြုံလိုက် သေစေရန် အဆိပ်ဖြင့်

သတ်ဖြတ်ခဲ့ကြ၏။ ထိုသို့ မကောင်းမှု၌ ညီညီညွတ်ညွတ်လုပ်ကိုင်ကြသောအခါ မကောင်းကျိုးကို လည်း ညီညီညွတ်ညွတ် ခံကြရဘို့သာရှိသည်။ မစလရွာသား မာဃလုလင်နှင့် သုံးဆယ်သုံးယောက် သော အမျိုးကောင်းသားတို့ကြတော့ ကုသိုလ်ကောင်းမှုကို ညီညီညွတ်ညွတ်လုပ်ကိုင်ကြသည်။ စိတ်တူကိုယ်တူ စိတ်အားထက်သန်စွာ လုပ်ကိုင်ဆောင်ရွက်ကြသည်။ ထိုကုသိုလ်ကံ၏ အကျိုးဆက် ကြောင့် တာဝတိံသာနတ်ပြည်တွင် အတူတကွ စည်းစိမ်ခံစားကြရသည်။ ကုသိုလ်ကောင်းမှုတိုင်း ကို ဦးဆောင်လုပ်ကိုင်ခဲ့သော မာဃလုလင်သည်ကား နတ်တို့၏ဘုရင် သကြားမင်းဖြစ်လာခဲ့သည်။

ထို့ကြောင့် တိုင်းသူပြည်သားအချင်းချင်း၊ မြို့သူမြို့သားအချင်းချင်း၊ ရွာသူရွာသားအချင်း ချင်း ညီညွတ်ကြောင်းတရားများကို ကျင့်ဆောင်ကြမှသာ ခုရောနောင်ပါ ချမ်းသာသုခရရှိကြပါ လိမ့်မည်။ လူတိုင်းလူတိုင်း လောဘ ဒေါသ မောဟကိုယ်စီရှိနေကြသည်။ ထိုလောဘဒေါသမောဟ များရှိနေသမျှ အမှားအယွင်း၊အပြစ်အနာအဆာ မကင်းနိုင်ကြပေ။ အားလုံးမှာ အနည်းနဲ့အများ ဆိုသလို အမှားအယွင်း၊အပြစ်အနာအဆာရှိနေကြသည်သာ(ပုထုဇဉ်များကိုသာ ရည်ညွှန်းပါသည်)။ တစ်ဦး၏အမှားကို တစ်ဦးက သည်းခံနိုင်ရမည်။ နားလည်ပေးနိုင်ရမည်။ လူတစ်ဦး၏မကောင်း ကွက်ကို ချန်လှပ်ပြီး ကောင်းကွက်ကိုသာ ရှာကြံပေါင်းသင်းတတ်လျှင် မညီညွတ်စရာအကြောင်း မရှိနိုင်တော့ပါ။ သို့သော် ကောင်းကွက်ကိုတစ်ကွက်မှ ရှာကြံမရသော လူယုတ်မာဖြစ်လျှင်ကား ဝေးဝေးကနေ ရှောင်ကြည်ထားလိုက်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပေလိမ့်မည်။ ဆိုလိုသည်မှာ အမျိုးဘာသာ သာသနာကို ချစ်မြတ်နိုးကြသော မြန်မာတိုင်းသည် တစ်ဦးနှင့်တစ်ဦး အပြစ်မမြင် ကြပဲ ချစ်ခင်ညီညွတ်နေကြရမည်။ အမှားအယွင်း အပြစ်အနာအဆာလေးများတွေ့လာခဲ့ရင်လည်း နားလည်မှု၊ခွင့်လွှတ်မှု အကြင်နာတရားများဖြင့် ညီညွတ်အောင် ပေါင်းသင်းနိုင်ကြရမည်။ အမှား အယွင်း အပြစ်အနာဆာများကို ပြုပြင်ပေးရင်း အားလုံးညီညီညွတ်ညွတ် သူတော်ကောင်းတရား ကို ကျင့်ဆောင်နိုင်ကြရမည်။ သို့မှသာ အားလုံးဘုံဘဝတို့၏ ဝဋ်ဒုက္ခငြိမ်းသော အမြဲအေးချမ်း သော မြတ်နိဗ္ဗာန်ကို ညီညီညွတ်ညွတ်ရောက်ရှိနိုင်ကြပါကြောင်း. . . .။

ကျွန်ုပ်တို့အားလုံး. . . .
အားကိုးထိုက်သူများဖြစ်အောင် ကြိုးစားကြပါမည်။
ယုံကြည်ထိုက်သူများဖြစ်အောင် ရိုးသားကြပါမည်။
မြတ်နိုးထိုက်သူများဖြစ်အောင် ဖြူစင်ကြပါမည်။
ပေါင်းသင်းထိုက်သူများဖြစ်အောင် ညီညွတ်ကြပါမည်။

ဦးဇဝန
ဓမ္မာလောကကျောင်းတိုက်
မီရမာမြို့၊ဖလော်ရီဒါပြည်နယ်။

# သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကဗျာနှင့်
# ဦးပညာသာမိ၊ ဦးဇဝနတို့၏
# ထေရုပ္ပတ္တိစာစောင်